
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၈)
## နေရပ်စွန့်ခွာဒုက္ခသည်များ

### နေရပ်စွန့်ခွာ ဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက်
တိုးလာသော စစ်ပြေးဒုက္ခသည်
အရေအတွက်

**၃၉၀,၉၂၇+**

တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ
ထွက်ပြေးနေရသည့် ပြည်တွင်း
စစ်ပြေးဒုက္ခသည်များဖြစ်ပြီး
ကယားပြည်နယ်တခုတည်း၌
၁၁၀,၀၀၀ ကျော် ရှိနေသည်။

ယခင်ရှိထားသော
စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၂၀၀+**

ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနယ်စပ်ရှိ
ဒုက္ခသည် အရေအတွက်

**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင်
မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း
၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊
ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည်
၈၈၀,၀၀၀ ကျော် ရှိနေသည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်အထိ စုစုပေါင်း **၈၈၈,၁၂၇ ဦးကျော်** ရှိလာသည်။ အဆိုပါ ပမာဏအနက် **၃၉၀,၉၂၇ ဦးကျော်**မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ယခင်တပတ်ကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် **၃၈၄,၇၂၇ ဦးကျော်** (အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၆၅ ကိုရှု) ရှိခဲ့ရာမှ ယခု **၃၉၀,၉၂၇ ဦးကျော်**အထိ ရှိလာသဖြင့် နှစ်ပတ်တာကာလအတွင်း **၆,၂၀၀ ဦးကျော်** တိုးလာခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ပထမပတ်နှင့် ဒုတိယပတ်အတွင်း **ကရင်ပြည်နယ်**မှ ဒေသခံပြည်သူ **၄,၀၀၀ ကျော်**၊ **ရှမ်းပြည်နယ်**မှ **၁,၂၀၀ ကျော်**နှင့် **စစ်ကိုင်းတိုင်းမှ ၁,၀၀၀ ကျော်** ထပ်မံ၍ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

18 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၈)

## နေရပ်စွန့်ခွာဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအလိုက်တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ(PDF/LDF/CDF/KNDF စသည်ဖြင့်) နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ အဆိုပါ အခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး ဆယ်လတာကာလအတွင်း စုစုပေါင်း **၃၉၀,၉၂၇ ဦးကျော်**အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး စုစုပေါင်း **၁၁၀,၂၀၀ ကျော်** ရှိနေသည်။ စစ်ကိုင်းတိုင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး စစ်ပြေးဒုက္ခသည်စုစုပေါင်း **၉၇,၂၅၀ ဦးကျော်**၊ ကရင်ပြည်နယ်တွင် **၆၄,၀၅၀ ဦးကျော်**နှင့် တတိယအများဆုံး ဖြစ်သည်။ ဒီဇင်ဘာ ဒုတိယပတ်အတွင်း ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့အတွင်း စစ်ကောင်စီနှင့် KNU တို့အကြား တိုက်ပွဲ ဖြစ်ပွားပြီးနောက် ဒေသခံ **၄,၀၀၀ ကျော်**မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၈)

## နေရပ်စွန့်ခွာဒုက္ခသည်များ




### ငါးလအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ

၂၀၂၁ ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာ ၁၆ ရက် အထိ ငါးလ ကျော်ကာလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ EAOs အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF/CDF/KNDF စသည်ဖြင့်) တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည် များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ်တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင်အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၈)
## နေရပ်စွန့်ခွာဒုက္ခသည်များ

### စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၁ ခုနှစ် ဒီဇင်ဘာ)

**ကရင်ပြည်နယ်**

ဒီဇင်ဘာ ၁၄ ရက်တွင် ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့တွင်းသို့ စစ်ကောင်စီတပ်များ ဝင်ရောက်လာရာမှ စ၍ စစ်ကောင်စီနှင့် KNU တို့အကြား နှစ်ဖက်စစ်ရေးတင်းမာခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်မှစ၍ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများကြောင့် ဒေသခံပြည်သူ **၄,၀၀၀** ကျော်ထက်မနည်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အဆိုပါ **၄,၀၀၀ ကျော်**အနက် **၂,၅၀၀ ကျော်**မှာ မြန်မာ-ထိုင်းနယ်စပ် ထိုင်းဘက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး၊ ကျန် **၁,၀၀၀ ကျော်**မှာ အကြောင်းအမျိုးမျိုးကြောင့် ထိုင်းဘက်ခြမ်းသို့ မပြေးနိုင်ဘဲ ကျန်ရစ်ခဲ့ရကြောင်း KIC သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

---

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား လက်နက်ကိုင်ပဋိပက္ခတင်းမာမှုများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ဒီဇင်ဘာလအတွင်း နှစ်ဖက်တပ်ဖွဲ့များအကြား စစ်ရေးတင်းမာမှုများကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်မှ ဒေသခံပြည်သူ **၁,၀၀၀ ကျော်**နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်မှ ဒေသခံ **၂၀၀ ကျော်**ခန့် ထပ်မံထွက်ပြေးတိမ်းရှောင်နေရကြောင်း Shan News သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

---

**စစ်ကိုင်းတိုင်း**

ဒီဇင်ဘာ ပထမပတ်အတွင်း စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ဇင်ကလဲကျေးရွာအတွင်း စစ်ကောင်စီတပ်များ ဝင်ရောက်တပ်စွဲလာမှုကြောင့် အနီးအနားရှိ ကျေးရွာ လေးရွာမှ ထောင်နှင့်ချီသော ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း DVB သတင်းဌာနက ဖော်ပြထားသည်။

---

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။